
မိုတလျှမ်းဝေ
ငြိုးငွေ့မိုးတော့ဝင်ပါစေ

(၁)

သာယာလှသော လွမ်းမောဖွယ် ရှုခင်းတွေကို ဦးတည်ပြီး ခရီးသည်တင် ဒတ်ဆန်းကားနီလေးက ကျုံးရုန်း အရှိန်ယူပြီး တောင်ပတ်လမ်းကို အားကြိုးမာန်တက်နှင့် တက်လျက်ရှိပါသည် ။ ကားဦးခန်းတွင် မိန်းမလှလေး တစ်ဦး တွေဝေငေးမောရင်းပါလာပါသည် ။

ပန်းခြူးဝေ အမည်တွင် သော ထို မိန်းမလှလေး၏ မျက်နှာသည် ခံစားချက် အမျိုးမျိုးကြောင့် မျက်နှာလေးက တည်လိုက်၊ တင်းလိုက်၊ မဲ့လိုက်၊ ကြေကွဲလိုက်နှင့် ဖြစ်နေသည် ။ အရှေ့စူးစူးက ကားလမ်းကို မျှော်ကြည့်နေသော်လည်း သူမ၏ မျက်ဝန်းထဲမှ ဘာကိုမျှ မမြင်ပါ။

ပြင်းပြစွာသော ရင်တွင်းက ခံစားချက်တွေကြောင့် ပတ်ဝန်းကျင်၏ သာယာသော ရှုခင်းအလှကို စိတ်မဝင်စားနိုင်ပါ။

"ဘိုးရယ် ခြူးကို ခွင့်လွှတ်ပါနော်"

ရင်ထဲက ကြေကြေကွဲကွဲကြီးပင် တောင်းပန်လိုက်ပါသည် ။ မျက်ဝန်းနက်နက်လေးမှာ မျက်ရည်ကြည်တွေ လက်ဖြာသွားသည် ။ ကားမှန်ပြတင်းပေါက်မှ ဝင်လာသော လေကြမ်းကြမ်းကြောင့် ပုလဲမျက်ရည်ဥလေး တစ်ပွင့် ကြွေလွင့်သွားသည် ။

အေးမြ လန်းဆန်းသော တောတောင်တို့ ၏ လေနုအေးက သူမကိုယ်ကိုသာ အေးစေပြီး ပူဆွေးလောင်ကျွမ်းနေသော နှလုံးသားကိုတော့

အေးစေနိုင်စွမ်း မရှိပါ။

စိမ်းစိုပြည်နေသော တောတောင်၏ သဘာဝအလှ အေးမြခြင်းက သူမ၏ နှလုံးသားကို မအေးမြ စေနိုင်လောက်အောင် ခံစားနေပါသည် ။

“ဘိုးကို မာန်တွေ ထောင်လွှားပြီး ပစ်ထားခဲ့တဲ့ ခြူးဝေ အသည်းကြွေအောင်ခံစားနေရပါပြီရှင်”

တဖြည်းဖြည်းတောင်ပတ်လမ်းမှ ကားလေးက ဦးမော့ပြီး တက်လာနေချေပြီ။ ရေမျက်နှာပြင်ထက် မြင့်တက်လေလေ ချမ်းအေး လာလေလေပါ။

နှစ်ဆယ့်တစ်မိုင် ရှူခင်းသာရောက်တော့ ကားက နားသည် ။ ခရီးသည် တွေ အလျှိုလျှို ကားပေါ်က ဆင်းပြီးရှူ့ခင်းသာမှ သာယာအေးချမ်းလှသော သဘာဝအလှတွေကို ရင်သပ်ရှုမော ခံစားနေကြသည် ။ ပန်းခြူးဝေက ကားပေါ်မှ မဆင်းပါ။ ငေးငေး ငူငူလေးသာ ထိုင်နေသည် ။ သာယာသော တောတောင်အလှတွေဆီကို သူ့ မျက်ဝန်းက စူးစိုက်နေသော်လည်း ပန်းခြူးဝေ ဘာကိုမျှ မမြင်ပါ။

သုံးနှစ်တာမျှ ဝေးကွာစွန့်ခွာခဲ့သော မွေးရပ်ဌာနေကိုပန်းခြူးဝေ ယခု ခြေချနေပါပြီ။ မွေးရပ်ဌာနေဆီသို့ ပြန်ရောက်ကြလျှင် လူတိုင်း ပျော်ရွှင်ကြည်နူးမှုတွေနှင့် ခံစားကြရသည် မှာ အမှန် ဖြစ်သော်လည်း ပန်းခြူးဝေ၏ ရင်မှာ တော့ ကြည်နူးပျော်ရွှင်မှုမှာ မြူမှုန်လေးလောက်တောင်မရှိပါ။

ပန်းခြူးဝေ၏ ရင်မှာ နောင်တ တရားတွေရော၊ ကြေကွဲဝမ်းနည်းမှုတွေရော ပြည့်သိပ်နေသဖြင့် အသည်းတွေကြေမွခန်းခြောက်လောက်အောင် ခံစားနေရပါသည် ။

ပန်းခြူးဝေ၏ ရင်ထဲမှာ ခံစားမှုက ပြင်းထန်နေသည် မှာ သဘာဝ အလွန်ကျပါသည် ။ ဤ ကမ္ဘာလောကမှာ သူမ၏ တစ်ဦးတည်းသော ဆွေမျိုးဖြစ်သည့် သူမ၏ ဘိုးဘိုး ကွယ်လွန်သွားခဲ့သောကြောင့် ဖြစ်သ ည် ။

ဘိုးအေနှင့် မြေး ချစ်လျက် ခင်လျက်ရှိစဉ် ယခုလိုခွဲခွာရလျှင် ပန်းခြူးဝေ ယခုလောက် ခံစားရမည် မဟုတ်ပါ။ ဘိုးအေနှင့် ကတောက် ကဆ ဖြစ်ပြီး မာန်မာနချင်းပြိုင် အနိုင်ယူဗိုလ်စွဲပြီး ဘိုးအေအား ပစ်ခွာ သွားခဲ့သော ပန်းခြူးဝေ ချစ်လျက် ခင်လျက်နှင့် မာန်မာနကြောင့် တင်း ခံပြီး ဘိုးအေအား အရှုံးမပေး ဝန်ချ မတောင်းပန်ဘဲ စိတ်ဓာတ်တွေပြင်း ခဲ့သော ပန်းခြူးဝေ၊ သည် လို ဆိုးခဲ့၊ မိုက်ခဲ့သော ပန်းခြူးဝေ၊ ယခု ရှူးမ တတ် ခံစားနေရပါပြီ။

"ဘိုးရယ်၊ ခြူးဝေ အမိုက်မကို ရောက်ရာ ဘဝက ခွင့်လွှတ်လိုက်ပါ တော့ရှင်"

လက်အုပ်လေး ပင့်ချီကာ ပန်းခြူးဝေက တောင်းပန်လိုက်သည် ။ ဝ မ်းနည်းခြင်း၊ ကြေကွဲခြင်း၊ နောင်တရခြင်း၊ စိတ်အား ငယ်ခြင်းတို့ က ပ န်းခြူးဝေ၏ ရင်မှာ အုပ်မိုးကြီးစိုး နေပါတော့သည် ။

"နောင်တတွေတစ်ပွေ့ တစ်ပိုက်ကြီးနဲ့ ခြူးဝေ ပြန် လာပြီ ဘိုးရယ်၊ ကျေနပ်ပါတော့နော်"

အရူးမလေး တစ်ယောက်လို ပန်းခြူးဝေ ရင်ထဲက တတွတ်တွတ် တောင်းပန်လိုက်သည် ။

"လောကရဲ့ အလယ်မှာ ခြူးဝေကို ဘိုးက တစ်ယောက်တည်း ထား ရစ်ရက်တယ်နော်"

ဝမ်းနည်း ကြေကွဲနေပေမယ့် နွဲ့ဆိုးဆိုးတတ်သည့် စိတ်လေးကြောင့် တမလွန်ဘဝ ရောက်နေတဲ့ ဘိုးကို လှမ်း၍ အပြစ် တင်လိုက်ပြန်သည် ။

"အို ...ခြူးဝေ မှားသွားပြီ၊ ဘိုးက ခြူးဝေကို အရင်လိုမှ မချစ်တော့ တာပဲ၊ ခြူးဝေရဲ့ ကိုယ်စားဘိုးမှာ ...ဘိုးမှာ "

ပန်းခြူးဝေ၏ ရင်ထဲက တိုင်တည်သံလေး ရပ်စဲသွားသလို ပန်းခြူး ဝေ၏ မျက်နှာလေး တင်းခနဲ ဖြစ်သွားသည် ။ ဝမ်းနည်းကြေကွဲနေသော မျက်နှာလေးဝယ် ခက်ထန်တင်းမာမှုတွေ ရုတ်ခြည်း ဝင်ရောက်လာသ ည် ။

"သင်းကြောင့် ဘိုးက ခြူးဝေကို စိတ်ဆိုးတာ၊ သင်းကိုဘယ်တော့မှ မကျေဘူး"

ကားပေါ် ခရီးသည် တွေ ပြန်တက်ပြီး၊ နှစ်ဆယ့် တစ်မိုင်စခန်းမှ ကားက ထွက်ခွာခဲ့ပေပြီ။

ပန်းခြူးဝေက ရင်ထဲက မကျေနပ်စိတ်ကြောင့် အံကိုကျစ်ခနဲ နေ အောင် ကြိတ်လိုက်သည် ။ ပန်းခြူးဝေ၏ မကျေနပ်စိတ်တွေက အစုလို က်အပုံလိုက် ဖြိုးဝေဇင်အပေါ် ကျရောက်နေခဲ့ပါသည် ။

"သူ့ကြောင့် ဘိုးက ငါ့ကို မုန်းတာ စိတ်နာတာ၊ သူက ဘိုးရဲ့ စိတ် တွေကို ငါ့အပေါ် အပေါ် အဆိပ်သင့်စေတာ၊ ဘယ်တော့မှ မကျေဘူး"

ငယ်ငယ်ကတည်းက ကိုကိုဖြိုးဝေလို့ တစာစာ ခေါ်ခဲ့သော ပန်းခြူး ဝေ၊ ယခုတော့ အမည်ကိုပင် မခေါ်ချင်လောက်အောင် မုန်းစိတ်တွေပြင်း ထန်နေပါသည် ။

"သိပ်မုန်းတယ်၊ သူ့ကြောင့် ငါနဲ့ ဘိုး တစ်ကွဲတစ်ပြားစီ ရှင်ကွဲကနေ သေကွဲ ဖြစ်ရတာ..."

"နောက်ပေါက်တဲ့ ရွှေကြာပင်က မဆီမဆိုင် ဘိုးကိုအပြတ်ကပ် အပြတ်ဖားပြီး၊ ငါ့ကို ရက်ရက်စက်စက် ကန်ထုတ်ခဲ့တာ ဘယ်တော့မှ မကျေဘူး"

မေးကြောလေးတွေ ထောင်အောင်ပင် အံကို တင်းတင်း ကြိတ်ပစ်လိုက်သည် ။ တရိပ်ရိပ် ပြေးလွှားနေသော မြင်ကွင်းတွေကို အဓိပ္ပာယ်မဲ့ ငေးကြည့်ရင်း ပန်းခြူးဝေကားပေါ်လိုက်ပါလာသည် ။

သာယာကြည်နူး ဆွတ်ပျံ့ဖွယ်သော ပြင်ဦးလွင်သို့ ကားနီလေး ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ခဲ့ပါပြီ။ ဘိုးဘိုးဦးညွန့်ဝေ၏ ချယ်ရီမြိုင်ဂေဟာကြီးနှင့် နီး လာလေလေ ပန်းခြူးဝေ၏ ရင်ထဲမှာ နင့်နင့်သိပ်သိပ် ခံစားရလေပါ။

ခရီးဆောင်သေတ္တာလေးကို လက်ကဆွဲပြီးနွေးကွေးသော ခြေလှမ်းတွေဖြင့် ချယ်ရီမြိုင်ဆီသို့ တရွေ့ရွေ့ လှမ်းခဲ့သည် ။ ပြင်ဦးလွင်တွင် မွေး၊ ပြင်ဦးလွင်တွင် ကြီးပြင်းလာသူမို့၊ ချယ်ရီမြိုင်မှ ပန်းခြူးဝေကို မသိသူရှားပါးလှပါသည် ။

လမ်းတစ်လျှောက် ခေါင်းလေး ငုံ့ပြီး လျှောက်လာနေသော ပန်းခြူးဝေ မကြည့်ဘဲ၊ မမြင်ဘဲ စိတ်ထဲက သိနေပါသည် ။ မျက်လုံးပေါင်းများစွာ သူမကို လေ့လာအကဲခတ်နေသည် ဆိုတာကို သေသေချာချာကြီး သိနေပါသည် ။

ထို မျက်ဝန်းတွေထဲမှာ အကြည့်ပေါင်းများ စွာ၊ အဓိပ္ပာယ်ပေါင်းများ စွာပါဝင်နေသည် ကို ပန်းခြူးဝေ သိနေပါသည် ။ အချို့က ပန်းခြူးဝေကို သနားစုတ်သပ်သော မျက်ဝန်းနှင့် ကြည့်နေသလို၊ အချို့က "အဘိုးကိုပစ်ထားပြီး ခုမှ အမွေဆိုင်ဖို့ လာပြီလေ"ဆိုသော အကြည့်မျိုးတွေနှင့်ပါ။

ယခင်က စိတ်မျိုးဆို၊ မာန်လေးဝင့် မျက်နှာလေးချိုပြီး ဘယ်သူ့မှ ဂရုမစိုက်ဘူးဟော့ ဆိုတဲ့ မျက်နှာလေးနှင့် မော့ပြီးလျှောက်ခဲ့မည်မှာ အမှန်။ ဒါပေမဲ့ ယခု ဘိုးဘိုးဦးညွန့်ဝေသေဆုံးရခြင်းကြောင့် ပန်းခြူးဝေ စိတ်ထောင်းလို့ ကိုယ်ကြေနေပါသည် ။ မာန်လည်း မဝင့်ချင်။ မထီတရီ မျက်နှာပေးလည်း မထားချင်သည် မို့ ခေါင်းလေး ငုံ့လျှိုးပြီးလျှောက်ခဲ့သည် ။

*

(၂)

ချယ်ရီမြိုင်၏ ကျယ်ဝန်းသောခြံဝကို ဖြတ်ကျော်မိသည် နှင့် ပန်ခြူးဝေ၏ ရင်မှာ ဝမ်းနည်းကြေကွဲစိတ်တွေ လှိုက်ဖိုလာပါသည် ။ ဘိုးညွန့်ဝေကို သတိရတမ်းတမိသလို၊ နာကြည်းစိတ်များ နှင့်အတူ၊ သန့်ကိုဆိုသော လူတစ်ယောက်ကိုပါ သတိရပါသည် ။

“ဘိုးရယ် ...ဘိုးသာ အသက်ရှင်နေသေးရင်လေ ခြူးဝေ ဘိုးရဲ့ ခြေအစုံကိုဖက်ပြီး တောင်းပန်လိုက်မယ်”

မျက်ဝန်းထဲမှာ ပြည့်အိုင်နေသော မျက်ရည်တွေ ပါးပြင်မွတ်မွတ်ပေါ်သို့ တလိမ့်လိမ့် စီးဆင်းလာသည် ။ သူမ ခွဲခွာစဉ်တုန်းကလိုပင် တည်ရှိနေသေးသော ချယ်ရီမြိုင်၏ မြင်ကွင်းများ ဝေဝါးသွားရပါသည် ။

တရွေ့ရွေ့ နှေးကွေးသော ခြေလှမ်းများ ဖြင့် ချယ်ရီမြိုင်၏ နောက်ဖေးပေါက်သို့ လှမ်းခဲ့သည် ။ စေ့ထားသော နောက်ဖေး တံခါးကို တွန်းဖွင့်လိုက်သည် ။

ရန်ကုန်ရှိ သူမအား သံကြိုးရိုက်၍ ခေါ်လိုက်သော၊ ပန်းခြူးဝေကို ငယ်စဉ်ကတည်းက စောင့်ရှောက်ခဲ့သော ဒေါ်အိုက်ပုံကို တွေ့ရမည်ဟု ပန်းခြူးဝေ မျှော်လင့်လိုက်ပါသည် ။

ဝေဝါးနေသော မျက်ဝန်းရှေ့မှာ မားမားမတ်မတ်ကြီးတွေ့လိုက်ရသည် က ဒေါ်အိုက်ပုံ မဟုတ်ပါ။ မြင့်မားသော အရပ်ရှင်၏ မျက်နှာဝယ် ပ

န်းခြူးဝေ၏ အကြည့်က ထိကပ်လိုက်သည် နှင့် ပန်းခြူးဝေ၏ မျက်နှာလေး တင်းခနဲဖြစ်သွားသည် ။

“ဩော် …ခြူးဝေ မင်း ပြန်လာသေးတယ်ပေါ့ ဟုတ်လား”

တောင့်တင်းခိုင်မာသော ကိုယ်ထည်၊ အသားလတ်လတ် မျက်နှာချောချောနှင့် ဖြိုးဝေဇင်က ပန်းခြူးဝေကို စေ့စေ့ကြည့်ပြီး အသံမှန်နှင့် မေးသည် ။

“ခြူးဝေ အဘိုးဆုံးတာ ခြူးဝေ မလာလို့ ဘယ်သူ လာရမှာ လဲ”

ဖြိုးဝေဇင်ထံမှ အကြည့်ကို ဖျတ်ခနဲ ပန်းကန်စင်ဆီသို့ လွှဲပြီး လေသံဆတ်ဆတ်နှင့် ပြောလိုက်သည် ။

တည်ငြိမ်လွန်းသော မျက်ဝန်းတွေဖြင့် ဖြိုးဝေဇင်က သူမအား စူးစိုက်ကြည့်နေသည် ။

“ခြူးဝေ ပြန်လာတာကို မကြိုက်လို့ ပြောတာ မဟုတ်ပါဘူးကွာ၊ ဒီထက် စောပြီး ခြူးဝေ ပြန်လာရင် ကောင်းမှာ လို့ တွေးပြီး ပြောတာပါ”

ပန်းခြူးဝေ၏ နှုတ်ခမ်းလှလှလေး မဲ့သွားသည် ။

“ဟွန်း …ခြူးဝေကို ချယ်ရီမြိုင်က ပထုတ်ခဲ့ပြီး ခုမှ လာပြီးပျားရည်နဲ့ ဝမ်းချမနေပါနဲ့ ”

ဖြိုးဝေဇင်၏ မျက်ဝန်းထဲ ကြေကွဲရိပ်လေးတစ်ခု ဖြတ်ပြေးသွားသည် ။

“ဩော် …ခြူးဝေက ခုထိ ကိုကိုဖြိုးကို အထင်လွဲနေတုန်းပဲနော်”

ပန်းခြူးဝေက မျက်နှာလေးကို ဆတ်ခနဲလှည့်ပြီး…

“အိုး …ခြူးဝေ အထင်လွဲတာ မဟုတ်ဘူး ၊ အဖြစ်မှန်ကိုပြောတာ သိ

လား”

ပြောရင်း သူမ၏ ရှေ့တွင် ပိတ်ဆို့နေသော ဖြိုးဝေဇင်အား တွန်းလိုက်ပြီး ခပ်ကြမ်းကြမ်းပင် ဖြတ်ကျော် လှမ်းခဲ့သည် ။

“ဟယ် ...ကလေး ရောက်ပြီကိုး”

ဒေါ်အိုက်ပုံက မီးဖိုထဲက ဝင်လာရင်း ပန်းခြူးဝေကို မြင်တော့ ဝမ်းသာအားရ လှမ်းနှုတ်ဆက်သည် ။

ပန်းခြူးဝေနှင့် ဖြိုးဝေဇင်တို့ ၏ တင်းမာနေသော အခြေအနေကို ကြည့်လိုက်ရုံနှင့် သိသည် မို့ ဝင်ထိန်းလိုက်သည် ။

“ပေး ...သမီး”

ပန်းခြူးဝေ၏ လက်မှ သေတ္တာကို လှမ်းယူသည် ။ ပြီးတော့ ပန်းခြူးဝေ၏ ပခုံးလေးကို သိုင်းဖက်ပြီး ...

“သမီးရဲ့ အခန်းကို ဒေါ်ကြီး ရှင်းထားတယ်၊ လာ ...သွားစို့နော်”

သေတ္တာကို ပန်းခြူးဝေ၏ လက်မှ ဆွဲယူပြီးတော့ ပန်းခြူးဝေ၏ ပခုံးလေးကို သိုင်းဖက်၍ ဒေါ်အိုက်ပုံက အခန်းတွင်းမှ တွဲခေါ်သွားသည် ။ ဖြိုးဝေဇင်နှင့် ဆက်လက် မျက်နှာချင်းမဆိုင်လိုသော ပန်းခြူးဝေ ကြည်ကြည်ဖြူဖြူပင် သူ့နောက်သို့ လိုက်ခဲ့သည် ။

အပေါ်ထပ်ရှိ သူမ အခန်းသို့ ပန်းခြူးဝေက ဒေါ်အိုက်ပုံနှင့် အတူ တက်ခဲ့သည် ။ အခန်းတံခါးကို ဖွင့်လိုက်သည် နှင့် သင်းပျံ့သော နှင်းဆီပန်း၏ မွှေးကြူကြူရနံ့က ပန်းခြူးဝေအား ကြိုဆိုနှုတ်ဆက်လိုက်သည် ။

ပန်းခြူးဝေ၏ အကြည့်က အခန်းအတွင်းရှိ မှန်တင်ခုံပေါ်ဆီသို့ ဖျတ်

ခနဲရောက်သွားသည် ။ ဖန်ပန်းအိုး ရှည်မျောမျောပြာပြာလေးထဲမှာ အသွေးအရောင် စုံသော နှင်းဆီပန်းလှလှကြီးတွေကို တွေ့ရသည် ။

ဝမ်းနည်းကြေကွဲနေသည့် ကြားမှ ကြည်နူးမှု ရောင်ခြည်လေးတစ်ခု လက်ဖြာသွားသည် ။

"သြော် ...ဒေါ်ကြီးက ခြူးဝေရဲ့ အကြိုက်တွေကို မမေ့သေးဘဲကိုး"

ဒေါ်အိုက်ပုံက ပန်းခြူးဝေကို ဆတ်ခနဲ မော့ကြည့်ပြီး ...

"ဘယ်လိုပြောလိုက်တာလဲ ခြူးဝေရယ်၊ သမီးရဲ့ အကြိုက်ကို ဟိုး ငယ်ငယ်ကလေးတည်းက လုပ်ပေးနေကျဟာ၊ ဘယ်မေ့ပါ့မလဲ"

ဒေါ်အိုက်ပုံက ပြုံးနေသော မျက်နှာပေးလေးနှင့်ကြည့်နေရာမှ ချက်ချင်း ပန်းခြူးဝေ မျက်နှာလေး တည်ပြီးမော့ပစ်လိုက်သည် ။

"ဒေါ်ကြီးသာ ခြူးဝေပေါ် စိတ်ထားတွေ မပြောင်းတာ၊ တချို့ လူတွေဆိုရင် ခြူးဝေကို သေမလောက် မုန်းသွားပြီ၊ ခြူးဝေကို ရန်လုပ်ဖို့ ပဲ စဉ်းစားနေတာ"

"သြော် ...ခြူးဝေရယ်"

ပန်းခြူးဝေ ဘယ်သူ့ကို ရည်ညွှန်း ပြောလိုက်မှန်းဒေါ်အိုက်ပုံ သိသည် မို့ စိတ်မသက်မသာနှင့် ပန်းခြူးဝေအား ကြည့်ပြီး ညည်းတွားလိုက်သည် ။

အခန်းရဲ့ အပြင်အဆင်ကို ဝေ့ဝဲကြည့်လိုက်သည် ။ ပန်းခြူးဝေ လွန်ခဲ့သော သုံးနှစ်ခန့်က ထားခဲ့သည့်အတိုင်းဘာမှ မပြောင်းလဲသည် ကို တွေ့ရသည် ။

ပန်းခြူးဝေ၏ ရင်ထဲ နောင်တ တရားတွေ ကြေကွဲမှုတွေ တန်းစီ ဝင်

လာပြန်သည် ။

"ဒေါ်ကြီး ဘိုးကို ခြူးဝေ သွားကြည့်ချင်တယ်"

"သွားရမှာ ပေါ့၊ ခု ...ခဏ နားလိုက်ဦး၊ သုံးနာရီမှ သင်္ဂြိုဟ်မှာ ကွဲ့"

"အို ...ခြူးဝေ မနားချင်ပါဘူး၊ ဘိုးဘိုးကိုပဲ တွေ့ချင်လှပါပြီ"

ပန်းခြူးဝေက ဇွတ်တရွတ်ပင် ပြောသည် ။ ငယ်ငယ်တုန်းကလိုပင် ကလေးဆန်နေသေးသော ပန်းခြူးဝေအား စိတ်မောစွာနှင့် ဒေါ်အိုက်ပုံက ကြည့်လိုက်သည် ။

"ခြူးဝေ အခုပဲ သွားမယ် ဒေါ်ကြီး"

ငိုမဲ့မဲ့ မျက်နှာလေးနှင့် ပန်းခြူးဝေက ပြောသည် ။ ဒေါ်အိုက်ပုံ ပန်းခြူးဝေကို ထုံးစံအတိုင်း အလိုလိုက်ရတော့သည် ။

"ဒါဆို ...မောင်ဖြိုးနဲ့ လိုက်သွားနော်"

ပန်းခြူးဝေ၏ မျက်နှာလေး စူပုပ်သွားသည် ။

"ခြူးဝေဘာသာ သွားမယ်"

ပြောပြောဆိုဆို ဆောင့်ဆောင့်အောင့်အောင့်နှင့် ပန်းခြူးဝေ အခန်းထဲမှ ထွက်ခဲ့ရသည် ။

"ကလေး တစ်ယောက်တည်း မသွားနဲ့ ၊ ဒေါ်ကြီးလိုက်မယ်လေ"

"ရတယ်"

ဒေါ်အိုက်ပုံ သူမ နောက်သို့ မလိုက်နိုင်အောင် မပြေးရုံတစ်မည် ချယ်ရီမြိုင်မှ ထွက်ခဲ့သည် ။ ပန်းခြူးဝေ၏ မျက်နှာလေးတွင် ခက်ထန် ခံပြင်းမှုတွေ မင်းမူနေသည် ။

"ပြင်ဦးလွင်များ ခြူးဝေတို့ မရောက်ဖူးတဲ့ နိုင်ငံကျနေတာပဲ"

လိုက်ပို့မည်ဟု ပြောသော ဒေါ်အိုက်ပုံကိုပင် မကျေမနပ်နှင့် မျက်နှာလေးကို မဲ့မဲ့ရွဲ့ရွဲ့လုပ်ပစ်ခဲ့သေးသည်။

ပြင်ဦးလွင်ဆေးရုံသို့ ပန်းခြူးဝေ အသော့နှင်ခဲ့ပါသည်။ ဘိုး ဦးညွန့်ဝေ၏ အလောင်းပြင်ထား ရာဆီသို့ ပန်းခြူးဝေ အပြေးတစ်ပိုင်းဖြင့် ရောက်ခဲ့ပါသည်။

ပိန်ချုံးနေသော ဦးညွန့်ဝေ၏ ရုပ်ကလာပ်ကိုတွေ့ရတော့ ပန်းခြူးဝေ၏ ရင်ထဲသို့ ဆို့နင့်သွားသည်။ ပြင်ဆင်စီမံနေသော ဖြိုးဝေဇင်က ပန်းခြူးဝေ ဝင်လာစဉ် တစ်ချက်သာ လှမ်းကြည့်ပြီး လုပ်လက်စ အလုပ်တွေကို ဆက်လုပ်နေသည်။

အသက်ကင်းမဲ့နေသော ဦးညွန့်ဝေထံပါးသို့ ပန်းခြူးဝေတိုးကပ်သွားသည်။ ရင်ဘတ်ပေါ်တွင် ယှက်ထားသော ဘိုးညွန့်ဝေ၏ လက်ကိုဆုပ်ကိုင်လိုက်သည်။ အေးစက်သော အတွေ့ကို ပန်းခြူးဝေ ခံစားရသည်။

ဖြူဖွေး ငြိမ်သက်နေသော ဘိုးညွန့်ဝေ၏ မျက်နှာကို စေ့စေ့ကြည့်သည်။ အပူအပင် ကင်းစွာ အိပ်စက်နေခြင်းနှင့် တူလှပါသည်။

"ဘိုးရယ်၊ ခြူးဝေကို စိတ်ချလက်ချထားခဲ့ပြီနော်၊ ခြူးဝေကို သိပ်မုန်းပြီး ဘိုး ဒီဘဝကလွတ်အောင် ပြေးခဲ့တာလားဟင်"

တဆတ်ဆတ် တုန်ယင်နေသော နှုတ်ခမ်းမှ သည် စကားများ အပြင်သို့ ထွက်မလာပါ။ ပန်းခြူးဝေ၏ လည်ချောင်းဝမှာ ပင် ကွယ်ပျောက်လွင့်စဉ်သွားသည်။

ဦးညွန့်ဝေ၏ အေးစက်နေသော ရင်ဘတ်ပေါ် မှောက်ပြီး ပန်းခြူးဝေ အူလှိုက်သည်းလှိုက် ငိုလိုက်ပါသည်။ စျာပနချိန် နီးနေပြီမို့ ဧည့်သည်

တွေ တဖွဲဖွဲရောက်နေပြီ။ ပန်းခြူးဝေထံသို့ အားလုံး အာရုံစိုက်နေကြသည် ။

"ဘိုးအေအိုကြီးကို ရက်ရက်စက်စက် ပစ်ထားခဲ့ပြီး ခုမှ ဘယ်က ပေါ်လာလဲ မသိဘူး"

"မြေးမိုက်ကို ဘိုးအေက စိတ်နာလွန်းလို့ အမွေပြတ်တောင် ကြေညာခဲ့သေးတာလေ"

""ခြူးဝေလေးကို သနားပါတယ်၊ ခုမှ တစ်ကောင်ကြွက်ဖြစ်ရရှာပြီ"

သနားသံ၊ ကရုဏာသံ၊ အပြစ်တင်သံ၊ ကဲ့ရဲ့ သံတွေ ပန်းခြူးဝေ အပါးသို့ ဝေ့ဝဲရောက်လာသည် ။ ပန်းခြူးဝေ၏ ရင်ထဲ နင့်နင့်နဲနဲကြီး စူးနစ်စွာ ခံစားလိုက်ရသည် ။

မိုက်မဲခဲ့သော ပန်းခြူးဝေ ဘိုးဘိုး၏ မေတ္တာစေတနာတွေကို အလွဲသုံးစား အထင်မှားခဲ့သော ပန်းခြူးဝေ ဘာကိုမျှမချေပချင်ပါ။

ပတ်ဝန်းကျင်မှ ဂယက်ရိုက်လာသော ဝေဖန်သံတွေကို နားနှစ်ဖက် တင်းတင်းပိတ်ပြီး မောင်းထုတ်ပစ်လိုက်သည် ။

"ခြူးဝေ အမိုက်မကို ခွင့်မလွှတ်ပါနဲ့ ဘိုးရယ်။ ဘိုးရဲ့ စေတနာဒေသောတွေကြောင့် ခြူးဝေအတွက် ဖြစ်လာမယ့်အကုသိုလ်တွေကို ခြူးဝေ လည်စင်းခံလိုက်မယ် ဘိုးရယ်၊ ကျောက်သားလို မာကျောခဲ့တဲ့ ခြူးဝေရဲ့ နှလုံးသားတွေကို ခြူးဝေ ဘယ်တော့မှ ခွင့်မလွှတ်တော့ပါဘူးဘိုးရယ်"

သည်းသည်းထန်ထန် ငိုကြွေးနေသော ပန်းခြူးဝေကို ခပ်ခွာခွာနေရာမှ ဖြိုးဝေဇင် လှမ်းကြည့်နေပါသည် ။ သူ၏ မျက်နှာကြီးက နီရဲပြီး မေးကြောတွေ တင်းနေအောင် ကြိတ်ထားသည် ။

ပန်းခြူးဝေအား ဒေါသမျက်ဝန်းတွေနှင့် လှမ်းကြည့်ပြီး လူသူဝေးရာ နေရာသို့ သွား၍ နေလိုက်သည် ။ ရင်ထဲမှာ ပန်းခြူးဝေ အတွက် ဒေါသ စိတ်တွေ ဘိုးဦးညွန့်ဝေအတွက် ကြေကွဲစိတ်တွေပြင်းထန် ပေါက်ကွဲလာ ၍ တောက်ပြင်းပြင်း တစ်ချက်ခေါက်လိုက်မိသည် ။

ကျေးဇူးရှင် ဘိုးဦးညွန့်ဝေအား နှမြောတသစွာ ဖြိုးဝေဇင် ငိုမိပါသ ည် ။ မြေချချိန်နီးသည့် အထိ ပန်းခြူးဝေ၏ အနား မသွားမိအောင် ရှော င်နေသည် ။

ဦးညွန့်ဝေ၏ နောက်ဆုံးခရီးမှာ အချိန်ပြည့် သူ့အနားမှာ နေချင်ပါ သည် ။ နောက်ဆုံးကြည့်ခြင်းနှင့် ကြည့်ချင်ပါသည် ။ ဂါဝရပြုချင်ပါသ ည် ။ ဒါပေမဲ့ ပန်းခြူးဝေက တစ်ချိန်လုံး ဦးညွန့်ဝေနားကပ်နေသည် ။ ဖြူဖွေးသော မျက်နှာလှလှလေး မို့အစ်နေအောင် ငိုနေသော ပန်းခြူးဝေ အား မကြည့်ချင် မမြင်ချင်ပါ။

သူ့ရင်ထဲမှာ ကျိုက်ကျိုက်ဆူလောက်အောင် ပူလောင်နေပါသည် ။ ပူ လောင်ရခြင်း အကြောင်းမှာ ပန်းခြူးဝေ အတွက်ရော ဦးညွန့်ဝေ အတွ က်ပါ ဖြစ်ပါသည် ။

ဦးညွန့်ဝေ၏ ရုပ်ကလာပ်အား မြေချချိန်ဝယ် ဖြိုးဝေဇင်ရင်ထဲ၌ စူး စူးနင့်နင့်ကြီး အောင့်သွားပါသည် ။ ပန်းခြူးဝေခမျာမှာ လည်း နောင်တ တရားတွေရော ကြေကွဲမှုတွေပါ ပြည့်သိပ်အောင် ခံစားနေရသည် ။ ရင် ထဲတွင် နင့်နင့်ကြီးဖြစ်ပြီး ပန်းခြူးဝေ မူးမိုက်သတိလစ်သွားသည် ။

"အမယ်လေး လုပ်ပါဦး ခြူးဝေလေး မေ့သွားပြီ"

ပန်းခြူးဝေအား သိုင်းဖက်ထားသော ဒေါ်အိုက်ပုံကြီး ငယ်သံပါအော င် အော်လိုက်သည် ။ ဖြိုးဝေဇင်၏ အကြည့်က ဖျတ်ခနဲ ပန်းခြူးဝေထံသို့ ရောက်သွားသည် ။

လျှပ်ပြတ်လိုက်သလိုပင် ချက်ချင်း ပန်းခြူးဝေနားသို့ သူရောက်သွားသည် ။ ဒေါ်အိုက်ပုံ၏ လက်ထဲတွင် ပျော့ခွေနေသော ပန်းခြူးဝေလေးကို ပွေ့ချီလိုက်သည် ။

ရပ်ထားသော ကားဆီသို့ ခြေလှမ်းကျဲကြီးတွေနှင့် ပွေ့ချီခဲ့သည် ။ ကားကူရှင်ပေါ်တွင် ညင်သာစွာ ပွေ့ချီရာမှ ချလိုက်သည် ။

"လုပ်ပါဦး လူလေးရယ်"

သတိမရသေးသော ပန်းခြူးဝေအား ခြေကိုင်လိုက်၊ လက်ကိုင်လိုက်နှင့် ဒေါ်အိုက်ပုံဗျာများ နေသည် ။ ဖြိုးဝေဇင်က သူ၏ ရှပ်အင်္ကျီအိတ်ကပ်ထဲရှိ ပလတ်စတစ် အိတ်လေးကို ထုတ်လိုက်သည် ။ ထိုအိတ်ထဲမှ ဇဝက်သာ ဆွတ်ထားသော ဂွမ်းစလေးကို ထုတ်ပြီး ပန်းခြူးဝေ၏ နှာဝတွင်တို့ ကပ်ရှူစေလိုက်သည် ။

ထင်ထားပါသည် ။ ပန်းခြူးဝေ သည် လို ဖြစ်မည်ဟု ကြိုတင် ထင်ထား၍ ဖြိုးဝေဇင် ယခုလို ကြိုတင်၍ ရှုဆေးထည့်လာခြင်းပါ။ ပန်းခြူးဝေ အပေါ် သံယောဇဉ်တွေအမျှင်တန်းနေသေး၍ ဖြိုးဝေဇင်က လျစ်လျူမရှုရက်နိုင်ပါ။

ခဏအကြာမှာ ပန်းခြူးဝေ လူးလူးလွန့်လွန့် ဖြစ်လာသည် ။ သတိပြန်ရ လာပြီမို့ သူ့အနားမှ ဖြိုးဝေဇင်က ခွာလိုက်သည် ။

"ဒေါ်ကြီး၊ သူ့ကို အိမ်ပြန်ခေါ်သွားတော့"

"အေး လူလေး ခုပဲ ခေါ်သွားမယ်"

ကားဒရိုင်ဘာအား အိမ်သို့ ပြန်မောင်းရန် ဒေါ်အိုက်ပုံက ပြောလိုက်သည် ။ ဖြိုးဝေဇင်က ဦးညွန့်ဝေ၏ ကိစ္စတွေ ပြီးပြတ်အောင်ဆောင်ရွက်ရမှာ မို့ ကျန်ရစ်ခဲ့သည် ။

*

(၃)

ချယ်ရီမြိုင်၏ အရှင်သခင်က ရာသက်ပန် စွန့်ခွာသွားပြီမို့ ခါတိုင်းထက် ချယ်ရီမြိုင်တွင် ပို၍ တိတ်ဆိတ်နေသည် ။ ဒေါ်အိုက်ပုံခမျာ မျက်ရည်လည်ရွဲနှင့် အိမ်၏ ဝေယျာဝစ္စများကို လုပ်နေသည် ။ ပန်းခြူးဝေက အခန်းအောင်းပြီး ထမင်းပင် ထွက်မစားပါ။

ဖြူးဝေဇင် တစ်ယောက်က ဧည့်ခန်းထဲမှာ လူးလားခေါက်ပြန် လျှောက်ရင်း၊ လှေကားရင်းဆီသို့ မကြာခဏသူ၏ အကြည့်က ရောက်၍ ရောက်၍ သွားသည် ။

“လူလေး”

အနောက်မှ တိုးညင်သော ခေါ်သံကြောင့် ဖြူးဝေဇင် ရုတ်ခနဲ လှည့်ကြည့်လိုက်သည် ။ ညိုးငယ် လွန်းသော မျက်နှာနှင့် သူ့အားကြည့်နေသော ဒေါ်အိုက်ပုံကို တွေ့ရသည် ။

“ဘာလဲ ဒေါ်ကြီး”

“ထမင်းစားကြရအောင်ကွယ်”

“အင်း၊ စားတာပေါ့”

စားချင်စိတ် မရှိသော်လည်း ဖြူးဝေဇင်က ထမင်းစားခန်းဆီသို့ လိုက်ခဲ့သည် ။ လေးပင်စွာ ထမင်းစားပွဲတွင် ဝင်ထိုင်လိုက်သည် ။

“ဒေါ်ကြီး၊ ခြူးဝေကော စားပြီးပြီလား”

"မစားရသေးဘူး"

"သွားခေါ်လိုက်ပါဗျာ"

ပန်းခြူးဝေအား ဒေါသတွေဖြစ် စိတ်တိုမိသော်လည်း ထမင်းမစား ဟင်းမစား ဖြစ်နေသောကြောင့် ဖြိုးဝေဇင် လျစ်လျူမရှုရက်ပါ။

ဒေါ်အိုက်ပုံက အပေါ်ထပ်သို့ ဖြည်းလေးစွာ တက်သွားသည် ။ ထင်ထားသည့်အတိုင်း ပိတ်ထားသော အခန်းတံခါးနှင့် ရင်ဆိုင် တိုးရပါသည် ။

"သမီးလေး ...ခြူးဝေ"

တံခါးကို ညင်သာစွာ လက်ဖြင့် ပုတ်ရင်း ခေါ်လိုက်သည် အတွင်းမှ ထူးသံမကြားရပါ။

"ခြူးဝေလေး"

ဒုတိယအကြိမ် ထပ်၍ အသံကိုမြှင့်ပြီးခေါ်လိုက်သည် ။ အခန်းထဲမှ လှုပ်ရှားသံ မကြားရသော်လည်း ဆို့နစ်နေသော ထူးသံကို ကြားရသည် ။

"ရှင်၊ ဒေါ်ကြီး"

"ထမင်း စားရအောင်လေကွယ်"

"ခြူးဝေ မစားချင်ဘူး"

"မနက်လည်း မစား၊ ညလည်း မစားနဲ့ ဒုက္ခရောက်တော့မယ်ကွယ်"

"ရတယ် ခြူးဝေ မဆာပါဘူး"

"မစားလည်း ခဏ အပြင်ထွက်ပါဦးကွယ်"

"ခြူးဝေ အေးအေးဆေးဆေး တစ်ယောက်တည်းနေပါရစေ"

"ဟင်း ..."

ဒေါ်အိုက်ပုံက သက်မကြီးကို မသက်မသာ ချပြီး ပန်းခြူးဝေ၏ တံခါးဝမှ တပ်ခေါက်၍ ပြန်ခဲ့သည် ။ ထမင်းစားခန်းထဲသို့ လှမ်းဝင်လိုက်သည် နှင့် ဖြိုးဝေဇင်၏ အကြည့်နှင့် ပတ်ပင်းတိုးနေသည် ။

"ဘာတဲ့ လဲ ဒေါ်ကြီး"

"သူ မစားချင်ဘူးတဲ့ "

"တောက် ...အဲဒီ မိန်းကလေး သိပ် ခေါင်းမာတယ်"

ဖြိုးဝေဇင်က မကျေမနပ်နှင့် တက်ခေါက်လိုက်သည် ။

"နောက် နေထိုင်မကောင်းရင် အားလုံးကို ဒုက္ခပေးဦးမယ်၊ ကြည့်နေ..."

သုန်မှုန်နေသော မျက်နှာကြီးနှင့် ဖြိုးဝေဇင်က ပြောလိုက်သည် ။ ဒေါ်အိုက်ပုံက ဖြိုးဝေဇင်နှင့်အတူ ထမင်းကို တို့ ကနန်း ဆိတ်ကနန်း စားလိုက်သည် ။

ဖြိုးဝေဇင်က ထမင်းကို ပြီးစလွယ်စားပြီး ခြံထဲသို့ ဆင်းခဲ့သည် ။ မိုးနှောင်း ဆောင်းဦးကာလ မို့ခြံထဲတွင် မှုန်ရီငေးမှိုင်နေသည် ။

ခြံထဲတွင် ဖြည်းလေးစွာလျှောက်ရင်း ရင်ထဲမှာ အတွေးတွေ ပဋိပက္ခဖြစ်နေသည် ။

"သြော် ...အမေ မွေးကတည်းက ငါ့မှာ ချစ်တတ်တဲ့ အသည်းနှလုံး မပါခဲ့ရင် အကောင်းသား"

ရင်ထဲမှာ ပြောင်းဆန်အောင် မကျေနပ်စိတ်တွေ သူ့မှာ ကြီးစိုးနေပါ

သည် ။ ညဥ့် တော်တော်နက်မှ အိမ်ပေါ်သို့ တက်ခဲ့သည် ။

*

ပန်းခြူးဝေက အခန်းအောင်းပြီး အပြင်ဘက်မှ လှုပ်ရှားသံတွေကို နားစွင့်နေသည် ။ ဒေါ်အိုက်ပုံ၏ အခန်းတံခါး ပိတ်သံကြား၊ လူခြည်တိတ်မှ အခန်းထဲမှ ထွက်ခဲ့သည် ။

အောက်ထပ်ရှိ ဘိုးဘိုးဦးညွှန့်ဝေ၏ စာကြည့်ခန်းသို့ ခြေသံလုံလုံနှင့် ဝင်ခဲ့သည် ။ မှောင်မည်းနေသော အခန်းထဲသို့ မီးခလုတ် မဖွင့်ဘဲ ဝင်ခဲ့သည် ။ အပြင်ဘက်က ဓာတ်မီးရောင် စာကြည့်ခန်း၏ ပြတင်းပေါက်မှ မှန်သားထုကို ဖြတ်ကျော်ပြီး အခန်းထဲသို့ ဖြာဆင်းနေသည် ။

မှုန်ပျပျအလင်းရောင်က အခန်းထဲမှာ လွှမ်းမိုးနေပါသည် ။ ဘိုးဦးညွှန့်ဝေ ထိုင်နေကျ ကျွန်းစားပွဲကြီးဆီသို့ ပန်းခြူးဝေ အကြည့်က ရောက်သွားသည် ။

ဘိုးဘိုးဦးညွှန့်ဝေ ထိုင်နေကျ ဆံုလည်ကုလားထိုင်ကြီးကို စူးစိုက်ကြည့်နေမိသည် ။ ဦးညွှန့်ဝေ ထိုင် နေသကဲ့သို့ သူမ၏ မျက်စိထဲမှာ မြင်လိုက်သည် ။

စာကြည့်ခန်း တံခါးဖွင့်စဉ်ကတည်းက အခန်းထဲမှာ တစ်စုံတစ်ယောက် သူမ၏ လှုပ်ရှားဟန်တွေကို မမှိတ်မသုန် ကြည့်နေသည် ကို ပန်းခြူးဝေ မသိရှာပါ။

သည် အခန်းထဲရောက်တော့ ပန်းခြူးဝေ၏ ခံစားချက်တွေ ပိုပြီး ပြင်းထန်လာသည် ။ အဘိုးကို ပိုပြီး သတိရလွမ်းဆွတ်လာပါသည် ။

ဆံုလည် ကုလားထိုင်ကြီးပေါ်မှာ ဖြည်းလေးစွာ ဝင်ထိုက်လိုက်သည် ။ သူမ ငယ်စဉ်ကတည်းက ရင်းနှီးခဲ့သော သည် ကုလားထိုင်ကြီးပေါ်မှာ

ဘိုးဦးညွန့်ဝေ အမြဲလိုလို ထိုင်နေတတ်သည် ကို အမှတ်ရမိသည် ။

သည် အခန်းထဲမှာ အဘိုးပြောသော ပုံပြင်တွေကို မျက်လုံးလေးနှစ်ခုစိုက်ပြီး စိတ်ပါဝင်စားစွာ နားထောင်ခဲ့ပုံ၊ ဂါဝန်ကားကားလေးနှင့် ပြေးလွှား ကစားခဲ့ပုံများကို ပြန်လည်မြင်ယောင်လာသည် ။ ပြီးတော့ ချယ်ရီမြိုင်မှ မထွက်ခွာခင် ဤအခန်း၌ပင် ဘိုးနဲ့ ခွန်းကြီး ခွန်းငယ် စကားများ ခဲ့ပုံများကို ကွင်းကွင်းကွက်ကွက်ကြီး ပြန်လည်မြင်ယောင်လာမိသည် ။

ပန်းခြူးဝေ၏ ရင်မှာ နောင်တစိတ်တွေ ပို၍ ပီပြင် လာပြီး ဖြေမဆည်နိုင်အောင် ခံစားနေရပါသည် ။ ရေစိုင်ဝဲလိုပင် ပန်းခြူးဝေ၏ အပြစ်တွေက ဖြေမဆည်နိုင်အောင်ဖြစ်ခဲ့သည် မဟုတ်လား။

စားပွဲပေါ်မှာ နွမ်းခွေစွာ မှောက်ပြီး ပန်းခြူးဝေအသံထွက်အောင်ပင် ငိုလိုက်သည် ။ ပန်းခြူးဝေ၏ ငိုရှိုက်သံတွေက တဖြည်းဖြည်းစဲမသွားဘဲ တိုး၍ ကျယ်လောင်လာသည် ။

အခန်း၏ ထောင့်တစ်နေရာမှာ မှောင်ရိပ်ခို ထိုင်နေသော ဖြိုးဝေဇင်က ပန်းခြူးဝေ၏ လှုပ်ရှားမှုကို မမှိတ်မသုန် စိုက်ကြည့်နေသည် ။ ပထမ ပန်းခြူးဝေ မသိအောင် တိတ်ဆိတ်စွာ ထိုင်နေမည်ဟု စိတ်ကူးထားပေမယ့် ယခုလိုသည်းအူပြတ်မတတ် ငိုနေတော့ ဖြိုးဝေဇင် ငြိမ်ပြီး မထိုင်နေရက်တော့ပါ။

"ခြူးဝေ"

လက်မောင်းပေါ်ဝယ် ညင်သာသော ကိုင်တွယ်မှုနှင့်အတူ တိုးတိတ်သော ခေါ်သံပျော့ပျော့ ကြောင့် ရုတ်တရက်ပန်းခြူးဝေထံမှ ရှိုက်သံတွေ တန့်သွားသည် ။

ဖျတ်ခနဲ အသံရှင်ကို မော့ကြည့်လိုက်သည် ။ မျက်ရည်စဖြင့် လက်စို နေသော သနားစရာ ချစ်စရာ မျက်နှာလေးကို ငုံ့ကြည့်နေသော ဖြိုးဝေဇ င်အား တွေ့ရသည် ။

ကြေကွဲနေသော ပန်းခြူးဝေ၏ မျက်နှာလေး ချက်ချင်းတင်းခနဲ ဖြစ် သွားသည် ။ သူမ၏ လက်မောင်းပေါ်မှာ တည်ရှိနေဆဲ ဖြိုးဝေဇင်၏ လ က်ကို ပုတ်ခါထုတ်ပစ်လိုက်သည် ။

"ခြူးဝေရယ် ...ပြီးခဲ့တာတွေကို ကြိုးစားပြီး မေ့လိုက်ပါ၊ ခြူးဝေ ပင် ပန်းလှပါတယ်ကွယ်"

"အို ...ဘာမှ မပြောနဲ့ ၊ မကြားချင်ဘူး"

နှုတ်ခမ်းကို စူထော်ပြီး မျက်နှာကို ချာခနဲ လှည့်ပစ်လိုက်သည် ။ ညှိုးငယ်လွန်းသော မျက်နှာဖြင့် ဖြိုးဝေဇင်က ပန်းခြူးဝေကို ကြည့်နေ သည် ။

"ခြူးဝေရယ် ...ကိုကိုဖြိုးကို ရန်သူလို့ ထင်တုန်းပဲလား"

"ရန်သူလို့ မထင်လို့ ရှင့်ကို မဟာမိတ်ဆွေကြီးလို့ ထင်ရမှာ လား၊ ဘိုးနဲ့ ခုလို ရှင်ကွဲ၊ သေကွဲကွဲရတာ ရှင် တရားခံဆိုတာ မေ့သွားပြီလား ဦးဖြိုးဝေဇင်"

ပန်းခြူးဝေက နာကြည်းလွန်းသော မျက်နှာပေးနှင့် လက်ဟန် ခြေ ဟန်ဖြင့် ဖြိုးဝေဇင်အား ရန်တွေ့လိုက်သည် ။

ပန်းခြူးဝေ၏ မျက်နှာ အမူအရာရော လေသံရောကြောင့် ဖြိုးဝေဇင် ၏ ရင်ထဲမှာ မရှူနိုင် မကယ်နိုင်အောင် အောင့်သက်သက်ကြီး ဖြစ်သွား သည် ။

"ရှင့်ကို ဘယ်တော့မှ လည်း မကျေဘူး၊ သိပ် မုန်း တယ် သိလား..."

အော်ဟစ်ပြောဆို၊ ငိုရှိုက်ကာ အခန်းထဲမှ ပန်းခြူးဝေပြေးထွက်လာသည် ။

"သြော် ...ခြူးဝေရယ် ကိုကိုဖြိုးကို ရှင်တဲ့ လား၊ ပြီးတော့ ကိုကိုဖြိုးကို သိပ်မုန်းနေပြီ ဟုတ်လား ကလေးရယ်..."

ခေါင်းကြီး ငိုက်စိုက်ကျပြီး ဖြိုးဝေဇင် ကြေကြေကွဲကွဲကြီး ပြောလိုက်ပါသည် ။

ပန်းခြူးဝေအပေါ်ထပ်ရှိ သူမအခန်းသို့ အငိုတစ်ဝက်ဖြင့်ပြေးတက်သွားသည် ။ တံခါးကို ဂျိမ်းခနဲမြည်အောင် တမင်ပိတ်လိုက်သည် ။ သူမ၏ ရင်မှာ မောဟိုက်လှိုက်ဖို နေသည် ။

ဖြိုးဝေဇင်အား လုံးဝမျက်နှာချင်း မဆိုင်ချင်လောက်အောင် အမုန်းဆုံးဆိုသော အမုန်းတွေနှင့် ပန်းခြူးဝေမုန်းနေပါသည် ။ မလွှဲသာ၍ သူနှင့် တစ်မိုးအောက်တည်း နေရသောကြောင့် ပန်းခြူးဝေ တစ်စက္ကန့်မျှ စိတ်ချမ်းသာခြင်း မရှိပါ။

ခုတင်ပေါ်ကို ပစ်လှဲလိုက်သည် ။ နဖူးပေါ် လက်တင်ပြီး ပန်းခြူးဝေ၏ စိတ်တွေ အတိတ်ဆီသို့ ခုန်ပျံပြေးသွားနေသည် ။

*